# သံဖြူဇရပ် စစ်သချိုင်း

ရွှေဖြူ–စောစံထွန်း

E-book is created by ***shanyoma***

သံဖြူဇရပ်နှင့်ပတ်သက်၍ ဂျပန်ခေတ်တွင် အဆိုတရပ် ပေါ်ခဲ့ဘူးသည်။ သေချင်ရင် စိန်မစားနှင့်၊ သံဖြူဇရပ်သို့သွားဟူ၍ဖြစ်သည်။ ဤစကားနှင့်အညီ ဂျပန်ခေတ်တွင် သံဖြူဇရပ်၏သရုပ်သည် ပီပြင်ခဲ့သည်။ အမည်ကြီးခဲ့သည်။ နာဇီ၊ ဂျာမဏီစစ်အကျဉ်းစခန်းများကဲ့သို့ လူတို့ ဖိန့်ဖိန့်တုန်အောင် သံဖြူဇရပ်ကို ကြောက်လန့်ခဲ့ကြသည်။ ဤသို့ဖြစ်အောင် ဖန်တီးသော အရာကား ဖက်ဆစ်ဂျပန်တို့ ခေါင်းမိုး၍ ဖောက်လုပ်ခဲ့သော ယိုးဒယားမြန်မာမီးရထားလမ်းမကြီး ဖြစ်သည်။

ဖက်ဆစ်ဂျပန်တို့သည် ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာပြည်အပါအဝင် အရှေ့တောင်အာရှတခုလုံးကို ဝါးမြိုမိသောအခါ စစ်ရေးရည်မှန်းချက်ကို အထောက်အကူပြု၍ စီးပွားရေးရည်မှန်းချက်ကို ပေါက်မြောက်အောင် ယိုးဒယားနှင့်မြန်မာပြည် ဆက်သွယ်သော မီးရထားလမ်းကို ဖောက်လုပ်ကြပြီး ထိုလမ်းသည် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့နှင့်မြန်မာနိုင်ငံ မော်လမြိုင်မြို့ကို ဆက်သွယ်ရန် ဖြစ်သည်။ သို့ဖြစ်၍ ဖက်ဆစ်တို့သည် မော်လမြိုင်နှင့်မိုင် (၄၀)မျှသာဝေးသည့် မော်လမြိုင်–ရေး မီးရထားလမ်းနှင့်မော်လမြိုင်–ကျိုက္ခမီကားလမ်းပေါ်တွင်ရှိသောအနေအထား ကောင်းမွန်သည့်သံဖြူဇရပ်မှစတင်၍ မီးရထားလမ်းဖောက်လုပ်ခဲ့ကြသည်။ သံဖြူဇရပ်ကိုလည်း မီးရထားလမ်းဖောက်လုပ်ရာအခြေခံစခန်းကြီးအဖြစ် ထားရှိခဲ့ကြသည်။

ခေါင်းမိုး၍ အုပ်စိုးနေသော ဖက်ဆစ်ဂျပန်တို့အဖို့ မီးရထားလမ်းဖောက်ရန် အလုပ်သမားမရှားပေ။ မဟာမိတ်စစ်သုံ့ပန်းများသည် မီးရထားလမ်းဖောက်လုပ်သော အလုပ်သမားများအဖြစ် နေ့ချင်းညချင်း စာရင်းဝင်သွားတော့သည်။ မြန်မာပြည်အရပ်ရပ်မှ ချွေးတပ်သားများသည် မီးရထားလမ်းဖောက်အလုပ်သမားများ ဖြစ်လာကြသည်။ သူတို့အားလုံးကို မီးရထားလမ်းဖောက်လုပ်ရာ အခြေခံစခန်းကြီးဖြစ်သော သံဖြူဇရပ်သို့ စေလွှတ်ခြင်းခံကြရသည်။ သံဖြူဇရပ်မှတဆင့် မီးရထားလမ်းဖောက်ရာသို့ သွားကြရသည်။ သူတို့သွားခြင်းသည် မပြန်သောသွားခြင်းသာ ဖြစ်သည်။ သေမင်းခံတွင်းသို့ဆင်း၍ သေခြင်းနှင့်မိတ်သွားဖွဲ့သည်နှင့်တူလှသည်။

ယိုးဒယား–မြန်မာမီးရထားလမ်း ဖောက်လုပ်ရာ၌ ပါဝင်ခဲ့သော မဟာမိတ်စစ်သုံ့ပန်းများနှင့်ချွေးတပ်သားများသည် ဂျပန်တို့၏ရက်စက်မှုအောက်ဝယ် ရောဂါအမျိုးမျိုးစွဲကပ်၍၎င်း တောကောင်တို့၏ အမဲဖျက်မှုကြောင့်၎င်း သေပွဲဝင်ကြရသည်။ ထိုအထဲတွင် မဟာမိတ်စစ်သုံ့ပန်းအရေအတွက်သည် ထောင်နှင့်ချီ၍ ပါဝင်ခဲ့သည်။ သို့ဖြစ်၍ သံဖြူဇရပ်စစ်သင်္ချိုင်းသည် နာဇီ၊ ဂျာမဏီစစ်အကျဉ်းစခန်းများတမျှ နာမည်ကြီးခဲ့သည်။ သေချင်ရင် စိန်မစားနဲ့၊ သံဖြူဇရပ်သို့ သွားဟူသောအဆိုပေါ် ပေါက်ခဲ့ရသည်။ ယိုးဒယား–မြန်မာမီးရထားလမ်းသည်လည်း သေမင်းတမန်လမ်းဟု ကြောက်ခမန်းလိလိ အမည်သမုတ်ခံခဲ့ရသည်။

ဒုတိယကမ္ဘာစစ်သည် မဟာမိတ်တို့က ဝင်ရိုးတန်းနိုင်ငံတို့အပေါ် အောင်နိုင်မှုဖြင့် နိဂုံးချုပ်ခဲ့သည်။ စစ်ကြီးပြီးဆုံးသော် အောင်ပွဲရမဟာမိတ်တို့သည် စစ်အတွင်း ကျဆုံးသော မိမိတို့ရဲဘော်ဘက်တော်သားများကို အမှတ်တရ စစ်သင်္ချိုင်းများပြုလုပ်၍ ဂုဏ်ပြုခဲ့ကြသည်။ မဟာမိတ်တို့သည် စစ်သင်္ချိုင်းများကို မိမိတို့နိုင်ငံတွင်သာ ပြုလုပ်ကြသည်မဟုတ်၊ စစ်မီးသင့်ရာ နိုင်ငံအရပ်ရပ်တွင် သင့်ရာအရပ်၌ စစ်သင်္ချိုင်းများပြုလုပ်၍ ကျဆုံးသောရဲဘော်များကို ဂုဏ်ပြုခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း မဟာမိတ်စစ်သင်္ချိုင်းသုံးခု ပေါ်ထွန်းခဲ့ရသည်။ ယင်းတို့မှာ ထောက်ကြန့်စစ်သင်္ချိုင်း၊ ရန်ကုန်စစ်သင်္ချိုင်းနှင့်သံဖြူဇရပ်စစ်သင်္ချိုင်းတို့ဖြစ်သည်။

မဟာမိတ်တို့သည် ယိုးဒယား–မြန်မာမီးရထားလမ်းဖောက်လုပ်ရာတွင် ကျဆုံးခဲ့သော ၎င်းတို့ရဲဘော်များအတွက် စစ်သင်္ချိုင်းသုံးခုပြုလုပ်၍ ဂုဏ်ပြုခဲ့ကြသည်။ ယိုးဒယားနိုင်ငံတွင် နှစ်ခုနှင့်မြန်မာနိုင်ငံတွင်တခုရှိသည်။ သံဖြူဇရပ် စစ်သင်္ချိုင်းသည် ဆိုခဲ့ပြီးသောမီးရထားလမ်းဖောက်လုပ်၍ ကျဆုံးခဲ့သော ရဲဘော်များ ဦးခေါင်းချရာဌာန ဖြစ်ပေသည်။

သံဖြူဇရပ် စစ်သင်္ချိုင်းသည် မော်လမြိုင်–ရေး အနောက်ဘက်ခပ်ယွန်းယွန်း သံဖြူဇရပ်–ကျိုက္ခမီသွား ကားလမ်းဝဲယာနှစ်ဘက်တွင် တည်ရှိ၍ (၂၇)ကေကျယ်ဝန်းသည်။ ပြုပြင်ထားသော ကေမှာ(၇)ကေရှိ၍ ကားလမ်း၏လက်ဝဲဘက်ခြမ်းတွင် ရှိသည်။

ယင်းစစ်သင်္ချိုင်းကို ၁၉၄၆–ခု၊ ဒီဇင်ဘာ(၁၇)ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဘုရင်ခံဆာဟူးဘရန့်တို့ ဖွင့်လှစ်ခဲ့သည်။ ဗိုလ်ချုပ်နှင့်ဘုရင်ခံတို့သည် ကျဆုံးသူ ရဲဘော်များအတွက် ဂုဏ်ပြုချီးကျူးမိန့်ခွန်းစကားပြောကြားခြင်း၊ ဆွမ်းကျွေးအမျှဝေခြင်းနှင့်လွမ်းသူ့ပန်းခွေချခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ထိုစဉ်က စစ်သင်္ချိုင်း၏ အခြေအနေမှာ ယခုအခြေအနေနှင့်လားလားမျှ မတူချေ။

E-book is created by *shanyoma*

ဆေးဖြူသုတ်ထားသောလက်ဝါးကပ်တိုင်များကို စာတမ်းရေးထိုး၍ လူမျိုးစုအလိုက် အကွက်ချ၍စိုက်ထားကြသည်။ ပန်းပင်တို့မှာလည်း ယခုကဲ့သို့ မျိုးစုံလှသည်မဟုတ်။ ယနေ့ သံဖြူဇရပ်သင်္ချိုင်း၏ အခြေအနေမှာ ပြုပြင်မွမ်းမံချယ်လှယ်မှုများ ပြီးပြည့်စုံနေပြီဖြစ်၍ ကြီးကျယ်ခန့်ငြားလှသည်။ ကမ္ဘာကျော် မဟာမိတ်စစ်သင်္ချိုင်းဟူသော အမည်ဂုဏ်ပုဒ်နှင့်ထိုက်ထိုက်တန်တန် တည်ရှိနေပြီဖြစ်သည်။

စစ်သင်္ချိုင်းမုခ်ဝကြီးမှာလည်း ခန့်ခန့်ငြားငြားမုခ်ဝ တဘက်တချက် ကျောက်ပြားပေါ်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးထိုးထားသော ၁၉၄၃–၁၉၄၅ သံဖြူဇရပ်စစ်သင်္ချိုင်းစာတမ်းမှာလည်း လှလှပပရှိသည်။ အတွင်းဘက်တွင်လည်း စစ်သင်္ချိုင်းသည် မြန်မာလူမျိုးတို့၏ ကောင်းမှုဖြစ်ကြောင်း စစ်အတွင်း မြန်မာပြည်၌ ကျဆုံးသူတို့ကို ဂုဏ်ပြုထားခြင်းဖြစ်ကြောင်း သဘောပါသည့်စာတမ်းများကို အင်္ဂလိပ်–မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားသည်။

စစ်သင်္ချိုင်းအတွင်းဝယ် လက်ဝါးကပ်တိုင်များနေရာတွင် အုဌ်ဂူကလေးများကို အစားထိုးထားသည်။ အုဌ်ဂူတခုနှင့်တခုအကြားတွင် လွမ်းသူ့ပန်းနွေများ ချထားသယောင်ယောင် ပန်းပင်များကို စိုက်ထားကြသည်။ အုဌ်ဂူကလေးများကို စီတန်းပြီး လူမျိုးစုအလိုက် ထားရှိသည်မှာလည်း ကြည့်၍အဆင်ပြေလှသည်။ အုဌ်ဂူပေါ်ရှိ ကြေးပြားတွင် ကျဆုံးသူတို့အမည်၊ ကိုယ်ပိုင်အမှတ်၊ ရာထူးအဆင့်အတန်း၊ အသက်နှင့်ကျဆုံးသူတို့အတွက် ဂုဏ်ပြုစာတမ်းများ ရေးသားထားသဖြင့် ကြည့်ရှုမှတ်သားထားရန် လွယ်ကူလှသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းတွင် အုတ်ဂူပေါင်း (၃၇၇၁)ခုရှိ၍ သင်္ဂြိုဟ်ထားသူမှာ(၂၇၆၁)ဦးသာရှိပေသည်။ ဤသို့ အုတ်ဂူနှင့်ကျဆုံးသူဦးရေကွာခြားနေခြင်းမှာ နှစ်လုံးတွဲအုတ်ဂူ(၁၀)လုံးကြောင့်ဖြစ်သည်။ နှစ်လုံးတွဲအုတ်ဂူ(၁၀)လုံး ထားရခြင်းမှာလည်း မဟာမိတ်စစ်ကော်မီရှင်သည် ကျဆုံးသူ(၁၀)ဦး၏ အမည်ကို အတိအကျမသိ၍ဖြစ်သည်။ နှစ်လုံးတွဲအုတ်ဂူပေါ်ရှိ အမည်နှစ်ခုအနက် တခုမှာ အမှန်ဖြစ်ရမည်ဟုယူဆ၍ နှစ်လုံးတွဲဂူများ ထားရှိခြင်းဖြစ်သည်။ သို့ဖြစ်၍ သံဖြူဇရပ်စစ်သင်္ချိုင်းတွင် ကျဆုံးသူဦးရေထက် အုတ်ဂူ(၁၀)လုံး ပိုနေရခြင်းဖြစ်သည်။

E-book is created by ***shanyoma***

ကျဆုံးသော လူမျိုးနှင့်ဦးရေ

| | |
|---|---|
| ဗြိတိန်လူမျိုး | ၁၆၄၉–ဦး |
| ဩစတြေလျလူမျိုး | ၁၃၃၈–ဦး |
| ဒတ်ချ်လူမျိုး | ၆၂၁–ဦး |
| ဂေါ်ရခါးလူမျိုး | ၇–ဦး |
| မူဆလင်လူမျိုး | ၆–ဦး |
| လူမျိုးအမည်မသိသူ | ၁၄၀–ဦး |
| စုစုပေါင်း | ၃၇၆၁–ဦး |

ထိုကျဆုံးသူတို့အထဲတွင် မြန်မာအမျိုးသားတဦးပါဝင်သည်ဟု စစ်သင်္ချိုင်းမှတ်တမ်းတွင် ဖေါ်ပြထားသော်လည်း ရှာဖွေ၍မတွေ့ရပေ။ သံဖြူဇရပ်စစ်သင်္ချိုင်းအတွင်းဝယ် အုတ်ဂူများအပြင် လေ့လာသူနားနေရန်အတွက် ထိုင်ခုံအဝိုင်းနှစ်ခုနှင့်ထိုင်ခုံရှည်သုံးခုကိုလည်း ပြုလုပ်ထားသည်။ နိုင်ငံခြားဧည့်သည်များ တည်းခိုရန်လည်း အိမ်တလုံး ဆောက်ထားသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းကို ထိန်းသိမ်းပြုပြင်ရန် စတင်ဖွင့်လှစ်သည်မှ ယနေ့အထိ အုပ်ချုပ်သူတဦးနှင့်အလုပ်သမား ၁၂–ဦး ထားရှိခဲ့သည်။ ပထမဆုံးသင်္ချိုင်းအုပ်ချုပ်ရေးမှူးမှာ ဦးစောဌေးဖြစ်၍ မြန်မာလူမျိုးဖြစ်သည်။ ဒုတိယသင်္ချိုင်းအုပ်ချုပ်ရေးမှူးမှာ မစ္စတာဂျော့ဂျီဖြစ်၍ အင်္ဂလိပ်ကပြားဖြစ်ပြီး တတိယအုပ်ချုပ်ရေးမှူးမှာ မစ္စတာခန်းဖြစ်၍ အိန္ဒိယအမျိုးသားဖြစ်သည်။ စတုတ္ထမြောက် အုပ်ချုပ်ရေးမှူးမှာ မစ္စတာအေအင်ဝပ်ဒ်ဖြစ်၍ အင်္ဂလိပ်ကပြားဖြစ်ကြောင်း သိရသည်။ ကျန်သင်္ချိုင်းအလုပ်သမားများမှာ မြန်မာလူမျိုးများသာ ဖြစ်ကြသည်။

စစ်သင်္ချိုင်းပြုစုထိန်းသိမ်းရေးအလုပ်သမားတို့သည် မဟာမိတ်စစ်သင်္ချိုင်းကော်မီရှင်အဖွဲ့၏ အုပ်ချုပ်စီမံမှုအောက်တွင် တာဝန်ထမ်းဆောင်ကြရသည်။ သို့သော်လည်း မြန်မာအလုပ်သမားများနည်းတူ အကျိုးခံစားခွင့်နှင့်အခွင့်အရေးများ တန်းတူရရှိကြသည်။ တနှစ်လျှင် အလုပ်သမားဝတ်စုံသုံးစုံစီ ရရှိကြသည်။ အလုပ်မှအနားယူသောအခါတွင်လည်း ကရုဏာကြေးများကို အမှုထမ်းသက်အလိုက် ခံစားကြရသည်။ စစ်သင်္ချိုင်းအလုပ်သမားများ၏ လုပ်ခလစာနှင့်ကရုဏာကြေးများကို မဟာမိတ်စစ်ကော်မီရှင်မှ အကုန်အကျခံသည်ဖြစ်ရကား စစ်သင်္ချိုင်းအလုပ်သမားတို့ နှစ်စဉ်နိုင်ငံခြားဝင်ငွေရရှိအောင် ဖန်တီးပေးသူများလည်း ဖြစ်ကြသည်ဟု မှတ်တမ်းတင်အပ်ပေသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းသို့ နိုင်ငံခြားမှ ဧည့်သည်များ အလည်အပတ်လာရောက်လေ့ရှိ

E-book is created by shanyoma

E-book is created by *shanyoma*

သည်။ ဗြိတိသျှသံရုံးနှင့်ဩစတြေးလျသံရုံးမှ ပုဂ္ဂိုလ်များသည်လည်း နှစ်စဉ်လာရောက်လေ့ရှိသည်။ ထိုသံရုံးများမှ ဦးစီး၍ နှစ်စဉ် နိုဝင်ဘာ(၁၁)ရက်နေ့တွင် သံဖြူဇရပ်စစ်သင်္ချိုင်းသို့လာ၍ လွမ်းသူ့ပန်းခွေချခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်ကြသည်။ ၁၉၆၁–ခု၊ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် ဗြိတိန်နိုင်ငံမှ အယ်လီဇဗက်ဘုရင်မနှင့်ဖိလစ်မင်းသားတို့(နိုင်ငံတော်သမ္မတဦးနေဝင်း)တို့ သံဖြူဇရပ်စစ်သင်္ချိုင်းသို့ အလည်အပတ်ရောက်ခဲ့ပြီး လွမ်းသူ့ပန်းခွေ ချခဲ့ကြသည်။

သံဖြူဇရပ်စစ်သင်္ချိုင်းသည် သင်္ချိုင်းဟုပညတ်ထားသော်လည်း အပန်းဖြေဥယျာဉ်နှင့်တူလှသည်။ ချိန်ခါမရွေး ရာသီအလိုက် ပန်းရနံ့တို့သင်းပျံ့၍ လှိုင်နေသည်။ ပင်ပန်းနွမ်းနယ်သူတို့ အပန်းဖြေရန် မြက်ခင်းပြင်ကလေးများလည်း ရှိသည်။ စစ်သင်္ချိုင်းအတွင်းဝယ် လေ့လာရင်း အပန်းဖြေ၊ အပန်းဖြေရင်းလည်း လေ့လာနိုင်ရန် နံနက်(၆)နာရီမှ ညနေ(၆)နာရီအထိ အချိန်ပြည့် ဖွင့်လှစ်ထားသည်။

စစ်သင်္ချိုင်းအတွင်းရှိ အုတ်ဂူကလေးများ၊ ရေးထိုးထားသော စာတမ်းများ၊ ဝါကျတည်ဆောက်ပုံနှင့်ဝေါဟာရအသုံးအနှုန်းများကို ကျောင်းသူကျောင်းသားများနှင့်အင်္ဂလိပ်စာဝါသနာပါသူတို့ ဖတ်ဘွယ်၊ မှတ်ဘွယ်၊ လေ့လာဘွယ် ကောင်းလှသည်။

ထို့ပြင် သံဖြူဇရပ်စစ်သင်္ချိုင်းသည် စစ်၏အနိဋ္ဌာရုံကို တခန်းတကဏ္ဍမှ ထောက်ပြနေသယောင်ရှိသည်။ စစ်ကြောင့်သေ၍ စစ်ကြောင့်ကြေခဲ့ရသော ဖြစ်ရပ်အထွေထွေကို လေ့လာဆန်ချင်ရန် လက်ညှိုးညွှန်ပြနေသည်နှင့်လည်း တူလှသည်။ စစ်ကို မွေးဖွားပေးခဲ့သော အရင်းရှင်စီးပွားရေးကို ဖယ်ရှား၍ ငြိမ်းချမ်းသာယာသောလောကသစ်ကို တည်ဆောက်ရန် လမ်းညွှန်သယောင်၊ ပြောနေသလို ရှိပေသည်။

ထိုမျှသာမကသေး၊ သံဖြူဇရပ်စစ်သင်္ချိုင်းသည် ကျွန်ုပ်တို့အား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ကြီးထွားရေးကို အစဉ်လုပ်ဆောင်သွားရန် သတိပေးနှိုးဆော်နေသော အဘိုးတန်သမိုင်းမှတ်တိုင်တခုအဖြစ်လည်း ရပ်တည်နေပေသည်။ ထို့အပြင်မြန်မာလူမျိုးတို့အား သူ့ကျွန်ဘဝရောက်ခဲ့ရသည့်အဖြစ်ကို အောက်မေ့သတိရနေစေမည်ဖြစ်သကဲ့သို့ နယ်ချဲ့လက်အောက်မှ လွတ်မြောက်မှုအတွက် တဗိုလ်ကျ တဗိုလ်တက်စနစ်ဖြင့် ကြိုးပမ်းမှုအလီလီသည်လည်း စိတ်ဝယ်ပျောက်ကွယ်သွားမည်မဟုတ်ပေ။ တပါးကျွန်ဘဝ ပြန်မရောက်ရေးအတွက်လည်း သတိပေးနှိုးဆော်သကဲ့သို့ ရှိပေလိမ့်မည်။

မဟာမိတ်စစ်သင်္ချိုင်းကို မြင်ရတိုင်း နယ်ချဲ့ဆန့်ကျင်မှုနှင့်လွတ်လပ်ရေး ကြိုးပမ်းမှု

သမိုင်းတွင် ကျဆုံးခဲ့ရသော မြန်မာပြည်သား ဇာနီဘွားတို့အတွက် ခန့်ငြားထယ်ဝါသောဂုဏ်ပြု သချိုင်းတခုကို တည်ဆောက်ရလျှင် ကောင်းလေစွဟု ဆန္ဒပြုလိုက်ရပေသည်။

မှတ်ချက်။ ။သံဖြူဇရပ်ရာပြည့်မဂ္ဂဇင်း၊ (၁–၁၂–၁၉၇၄)နေ့ထုတ်၊ စာမျက်နှာ(၇၆ မှ ၇၇ အထိ)၌လာရှိသောဆောင်းပါးကို ပြန်လည်ပြင်ဆင်ခြင်းမရှိဘဲ ရိုက်နှိပ်ထားပါသည်။

E-book is created by *shanyoma*